# အားရှိတဲ့အချိန်မှာ ခုန်လိုက်ပါ

## နှင့်

## စိတ်ဓာတ်ခွန်အားဖြည့် အတွေးစာစုများ

အောင်ကိုဦး (UMK)



## စာရေးသူစကား

ဒီစာအုပ်လေးက အွန်လိုင်း စာဖတ်သူတွေကြောင့် ဖြစ်လာတာပါ။ တစ်ချို့ စာစုတွေက ကျွန်တော်ဟောပြောပွဲ၊ ဆွေးနွေးပွဲတွေနဲ့ နယ်တွေသွားတဲ့ အခါ လူငယ်တွေနဲ့ တွေ့ဖြစ်တယ်။ သူတို့ ပြောတဲ့ စကားတွေနဲ့ ပတ်သက်ပြီးတော့ရေးဖြစ်တယ် …။ တစ်ချို့စာစုတွေက အွန်လိုင်းမှာ ဖတ်ဖြစ် တဲ့ စာစုတွေထဲက ကြိုက်တာလေးတွေကို ပြန်မျှဝေချင်လို့ ရေးဖြစ်တယ်…။ အကြောင်းအရာတွေ အားလုံးဟာ စာဖတ်သူတွေအတွက် ဘဝတစ်ခုလုံး မပြောင်းလဲနိုင်ရင်တောင်မှ ပြောင်းလဲစေမယ့် အတွေး တစ်စုံတရာတော့ ရနိုင်မယ်လို့ ယုံကြည်ပါတယ်။

ရတဲ့ အသိကို လက်တွေ့ အသုံးချနိုင်ပါစေ …….

လေးစားမှုဖြင့်

အောင်ကိုဦး (UMK )

* * *

ဘဲကတော့ ပြေးလို့ လည်း ရတယ်။

ပျံလို့ လည်း ရတယ် ရေလည်း ကူးတတ်တယ် ။

အမှတ်တမဲ့ ကြည့်လိုက်ရင် ဘက်စုံတတ်တဲ့ သူ ဆိုပြီး

အထင်ကြီးနိုင်ပါတယ်။

ဒါပင်မဲ့ တကယ်သေသေချာချာ

စဉ်းစားကြည့်လိုက်တော့ရင် ဘဲဟာ

ပြေးတော့လည်း မြင်းလောက် မပြေးနိုင်ပါဘူး။

ပျံတော့လည်း ငှက်လောက် မပျံနိုင်ပါဘူး။ ရေကူးတော့လည်း

ငါးလောက် မကူးတတ်ဘူး။

ဟိုစပ်စပ် ဒီစပ်စပ် နဲ့ ဒီနေ့ ခေတ်စကားနဲ့ ပြောရင် ဘဲဟာ

ဘယ်ဘက်မှာ မှ Professional မဖြစ်ပါဘူး .......

## လူငယ်တွေ ဘဲ မဖြစ်ကြစေဖို့

စာရေးသူတို့ မြန်မာလူငယ်တွေကို တိုက်ရိုက်ပြောနေသလားလို့ ထင်ရတဲ့ ပုံပြင်လေးတစ်ပုဒ် ကို ပြောပြချင်ပါတယ်။ စာရေးသူ ဟောပြောပွဲတိုင်းလိုလို ထည့်ပြောလေ့ရှိတဲ့ ပုံပြင်တစ်ပုဒ်ပါ။ တစ်ခါတုန်းက တောအုပ်ကြီးတစ်ခုမှာ မြင်းတစ်ကောင်ရယ်၊ ငှက်တစ်ကောင်ရယ်၊ ငါးတစ်ကောင် ရယ်၊ ဘဲတစ်ကောင်ရယ် ရှိကြတယ် ...။ မြင်းဆိုတဲ့ သတ္တဝါက

အပြေးသန်တယ်၊ ငှက်ကအမြင့် ပျံတယ်၊ ငါးက ရေကူးမြန်တယ်၊ ဘဲက တော့ပြေးလို့ လည်း ရတယ်၊ ပျံလို့ လည်း ရတယ် ၊ ရေလည်း ကူးတတ်တယ်၊ အမှတ်တမဲ့ကြည့်လိုက်ရင် ဘက်စုံတတ်တဲ့ သူ ဆိုပြီး အထင်ကြီးနိုင်ပါတယ်။ ဒါပေမဲ့ တကယ်သေသေချာချာ စဉ်းစားကြည့်လိုက်ရင် ဘဲဟာပြေးတော့လည်း မြင်းလောက်မပြေး နိုင်ဘူး။ ပျံတော့လည်း ငှက်လောက်မပျံနိုင်ပါဘူး။ ရေကူးတော့လည်း ငါးလောက် မကူးတ တ်ဘူး။ ဟိုစပ်စပ် ဒီစပ်စပ်နဲ့ ဒီနေ့ ခေတ်စကားနဲ့ ပြောရင် ဘဲဟာ ဘယ်ဘက်မှာမှ professional မဖြစ်ပါ ဘူး။ ဒါကြောင့် ဘက်စုံဆိုတဲ့ စကားဟာ အမှတ်တမဲ့ကြည့်လိုက်ရင် အထင်ကြီးစရာလို့ ထင်ရပေ မယ် ဘက်စုံတတ်တာတော့ ဟုတ်ပါတယ်၊ တကယ်ကျွမ်းကျင်ရဲ့ လား ဆိုတာက ဆန်းစစ်ကြည့်ဖို့ လိုပါလိမ့်မယ်။

စာရေးသူတို့ မြန်မာလူငယ်အချို့ဟာလည်း ပုံပြင်ထဲက ဘဲလိုပဲ၊ ဟိုစပ်စပ်ဒီစပ်စပ် လိုက်လုပ် ပြီး professional မဖြစ်တာတွေ တွေ့နေရပါတယ်။ ခေတ်ရဲ့ လိုအပ်ချက် ဒါမှ မဟုတ် လွှမ်းမိုးမှုတွေ အပေါ်မူတည်ပြီး သင်တန်းပေါင်းစုံကို လိုက်တတ်ကြပါတယ်။ LCCI ဆိုရင် လိုက်ပြီးတော့ LCCI တတ်ကြတယ်၊ Management ဆိုရင် Management သဘောသ်ားဆိုတော့ လည်း သဘောသ်ား LCCI လောက်နဲ့ မရတော့ဘူး။ ACCA ဆိုတော့ ACCA ကိုရီးယား သွားတာ တွေ ခေတ်စားလာတော့ ကိုရီးယား၊ ဒီကြားထဲ ဆေးဝါးကျွမ်းကျင်တွေ ဘာတွေတောင် အဆစ်ပါ လိုက်သေးတယ်။ အခုလည်း MBA ဆိုအားလုံက MBA နောကပြန်ပြီး။ အဲဒီလို သင်တန်းပေါင်း များ စွာကို တတ်ပြီးတော့ Certificate တွေ စုထားလိုက်ကြတာ တစ်ချို့တွေမှာ အိမ်ဆောက်ရင် အမိုးအကာတောင်မလိုတော့ဘဲ ရထားတဲ့ လက်မှတ်တွေနဲ့ မိုးလို့ ကာလို့ ရလောက်အောင် များကြ ပါတယ်။

ပြီးတော့ ဘာကို သေသေချာချာ ကျွမ်းကျင်လဲလို့ မေးလိုက်ရင် ဟို ဟာလည်း သိသလိုလို၊ ဒီဟာလည်း တတ်သလိုလိုနဲ့ ဘာမှ ကို ရေရေရာ ရာ မတတ်ဘူး ဖြစ်နေတတ်ကြပါတယ်။ တကယ် စိတ်ဝင်စားလို့ တတ် ရင် ဘယ်သင်တန်းမဆိုတတ်ပါ တတ်ပြီးရင်လည်း တတ်အောင်လုပ်ပါ။ တ ကယ်တတ်ကျွမ်းကျင်ရင် တကယ်နေရာရှိပါတယ်။ ဘာမှ မတတ်ရ င် ဘယ်လောက်ပဲ အောင်လက် မှတ်တွေ ကိုင်ထားပါစေ၊ နေရာရဖို့ မ လွယ်ပါဘူး။ ဟိုတလောက ဆယ်တန်းမှာ ဝိဇ္ဇာဘာသာ တွဲယူတဲ့ သူတွေ နည်းလာတယ်လို့ ဂျာနယ်ထဲမှာ ဖတ်လိုက်ရတယ် ။ ပထဝီ၊ သမိုင်း စတဲ့ ဝိဇ္ဇာ ဘာသာရပ်တွေနဲ့ ကျောင်းပြီးရင် ဘာမှ လုပ်လို့ မရဘူး လို့ ယူဆကြတဲ့ အတွက် ယူတဲ့ သူတွေနည်း လာတာပါလို့ ဖတ်ရပါတယ်။ ဒါဆိုရင် သမိုင်းပညာရှင်ကြီး ဒေါက်တာသန်းထွန်း၊ မြန်မာစာ ပါမော က္ခဆရာကြီး ဦးဖေမောင်တင်တို့လို လူမျိုးတွေကို ဘယ်လို ပေါ်ထွက် လာပါသလဲ ။

နိုင်ငံတစ်နိုင်ငံဆိုတာ ကဏ္ဍတစ်ခုတည်းနဲ့ တည်ဆောက်ထားတာ မ ဟုတ်ပါဘူး။ သက် ဆိုင်ရာကဏ္ဍအလိုက် တတ်ကျွမ်းကျင်တဲ့ သူတွေ လို ပါတယ်။ ကဏ္ဍတစ်ခုတည်း စုပြုံနေလို့ အဆင် မပြေပါဘူး။ ဒါကြောင့် ဝင်ငွေကောင်းတာ လူပြောများ တာတွေထက်ကိုယ် တကယ်လုပ်ချင်တဲ့ နယ်ပယ်ကို ရွေးပြီးတတ်ကျွမ်းကျင်အောင် လေ့လာသင်ယူကြစေချင်ပါ တယ်။

မြန်မာလူငယ်တွေ ပုံပြင်ထဲက ဘဲလို မဖြစ်စေဖို့ ဘယ်နေရာမှာ ဘ ယ်နယ်ပယ်မှာ ဖြစ်ပါစေ၊ တကယ်တတ်ကျွမ်းကျင်အောင် လုပ်ကြပါလို့ တိုက်တွန်းလိုက်ပါရစေ ...။

လူငယ်တိုင်း သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှာ တတ်ကျွမ်းကျင်ပြီး

အောင်မြင်နိုင်ကြပါ စေ ....။

*

သူများ ပြောတိုင်း မယုံဖို့ ပါ နဲ့
ဘုရားရှင် ကိုယ်တော်မြတ်ကြီး ကိုယ်တိုင်
ကာမသုတ် မှာ
ဟောကြားထားတဲ့ အတိုင်း
ကိုယ့်ရဲ့ ဉာဏ်နဲ့ စဥ်းစား ဆင်ခြင်
ပြီးမှ ယုံကြဖို့ ပါ

## ယုံသင့်မှ ယုံပါ

ဒီတစ်ခါလည်း ဆက်တွေးရမယ့် ပုံပြင်လေးတစ်ပုဒ် ပြောချင်ပါတယ်။ တစ်ခါတုန်းက ယုန်က ဘဲကို "ငါနဲ့ အတူတူ အလုပ်လုပ်လာလုပ်ပါ ။ မင်းအခုရတဲ့ ပိုက်ဆံထက် ပိုပြီးရမယ်" လို့ ပြောပါတယ်။ ဘဲကလည်း ယုန်နဲ့ အတူတူ အလုပ်လုပ်ဖို့ သဘောတူလိုက်ပါတယ်။ ဒီလိုနဲ့ ဘဲက ယုန်နဲ့ အတူတူ အလုပ်လုပ်ပါတယ်။ ဒီလိုနဲ့ တော်တော်လေး ကြာလာတော့ ဘဲက "ဝယ်စရာလေး ရှိလို့ ပိုက်ဆံအချို့ တစ်ဝက်လောက် ပေးပါ "လို့ ယုန်ကိုပြောပါတယ်။ အဲဒီအချိန်မှာ ယုန်က "စီးပွားရေးတွေကလည်း မကောင်းဘူး၊ မင်းကိုပေးစရာ ပိုက်ဆံလည်း ခုလောလောဆယ် မရှိသေး ဘူး" လို့ ပြောပါတယ်။

တကယ်တော့ ယုန်က ပိုက်ဆံတွေ ရှိရဲ့ သားနဲ့ မပေးချင်လို့ သက်သက်မဲ့ လိမ်ပြောတယ် ဆို တာကို သိတယ်။ ဒါပေမဲ့ ဘဲက ဘာမှ မပြော

တော့ပါဘူး။ ယုန်ဆီက ပိုက်ဆံတွေ မရတဲ့ အတွက် ဘဲက အိပ်လို့ တောင်မပျော်ပါဘူး။ ဒါပေမဲ့ ဘဲက ယုန်ဆီကပိုက်ဆံတွေ ဘယ်လိုပြန်ရမလဲ ဆိုတာ ဘဲ စဉ်းစား နေပါတယ်။

ဒီလိုနဲ့ တစ်နေ့မှာ တော့ဘဲက "ကျွန်တော် ခင်ဗျားဆီက ပိုက်ဆံတွေ လည်း မလိုချင် တော့ ပါဘူး ဗျာ...။ မြစ်နားမှာ တွင်းကြီးတစ်တွင်း တွေ့ထားတယ်။ အဲဒီတွင်းကြီးက ရွှေတွေ အပြည့်ဘဲ။ အဲဒီလောက်များ တဲ့ ရွှေတွေကို ကျွန်တော်တစ်ခါမှ မမြင်ဖူးပါဘူးဗျာ။ ဒါကြောင့် ခင်ဗျား ကျွန်တော် ကို ရွှေတွေသယ်ဖို့ ကူညီပေးနိုင်မလား" လို့ ယုန်ကို ပြောပါသည် ။

"သိပ်ကူညီချင်တာပေါ့" လို့ ယုန်က ပြန်ပြောပါတယ်။ ဒါကြောင့် ဘဲနဲ့ ယုန်က မြစ်ဆီကို အတူတူ သွားကြပါတယ်။ မြစ်ဆီလည်း ရောက်ရော ဘဲက "ရွှေတွင်းဟာ မြစ်ရဲ့ ဟိုဘက်ကမ်းမှ ဗျ" လို့ ယုန်ကို ပြောပါတယ်။ "ဒါဆို မြစ်ကို ဘယ်လိုကူးမလဲ" လို့ ယုန်က မေးပါတယ်။ "စိတ်မပူပါနဲ့ ...၊ ကျွန်တော် ကျောကုန်းပေါ်မှာ ထိုင်လိုက်။ ခင်ဗျားကို ကျွန်တော် သယ်သွားမယ်"လို့ ဘဲက ပြောလိုက် တယ်။

ဘဲက ယုန်ကို ကျောကုန်းပေါ်မှာ သယ်ပြီး မြစ်ထဲကို ဆင်းသွားပါတယ်။ မြစ်လယ်ကိုလည်း ရောက်ရော "ခင်ဗျား ကျွန်တော် ပိုက်ဆံတွေ ပြန်မပေးရင် ခင်ဗျားကို ရေနစ်သတ်မယ်" လို့ ဘဲက ပြောပါတယ်။ အဲဒီအချိန်မှာ "ပိုက်ဆံတွေက အိမ်က အိုးထဲမှာ ဖွက်ထားတယ်။ ငါကို ရေနစ်မသတ် ပါနဲ့ ... အိမ်ကို ပြန်ကြရအောင် ။ အဲဒီ ပိုက်ဆံတွေကို မင်းကို ပေးပါမယ်" လို့ ယုန်က ဘဲကို ပြန် ပြောပါတယ်...။

ပုံပြင်က အဆုံးသတ်ရှိပါတယ်။ ဒါပေမယ့် ဒီနေရာမှာ ကျွန်တော် ပုံပြင်ကို ခဏရပ်ပြီး စာဖတ်သူများကို မေးခွန်းလေးတွေ မေးကြည့်ချင်

ပါတယ်။ တကယ်လို့ သာ စာဖတ်သူက ဘဲနေရာ မှာ သာ ဖြစ်မယ်ဆိုရင် ....

၁ ။ ယုန်ကိုအိမ်ပြန်ခေါ်သွားမှာ လား ....?

ခေါ်သွားမယ် ဆိုရင် ယုန်ကို ယုံကြည်ရမယ်လို့ ထင်ပါသလား .....?

၂ ။ အကယ်၍ မယုံလို့ သာ ပြန်မခေါ်ဘူးဆိုရင် ဘယ်လို ဆက်လုပ်ချင်ပါသလဲ .....?

ဒီပုံပြင် နဲ့ ပတ်သက်ပြီး ကျွန်တော် အကြံပေးချင်တာကတော့ သူများ ပြောတိုင်း မယုံဖို့ ပါ။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကိုယ်တိုင် ကာလမသုတ်မှာ ဟောကြားထားတဲ့ အတိုင်း ကိုယ့်ရဲ့ ဉာဏ်နဲ့ စဉ်းစားဆင်ခြင်ပြီးမှ ယုံကြဖို့ ပါ။

*